## အရှေ့တောင်အာရှတွင် အကြီးမားဆုံးငါးမွေးမြူရေး စီမံကိန်းတစ်ခု အကောင်အထည်ဖော်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသန်းမြင့်ဦး ဦးဆောင်၍ ပြည်ပ (၅)နိုင်ငံသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် စီးပွားရေးသံမှူး (၅) ဦးနှင့်အဖွဲ့သည် ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင်မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်မှ ထူထောင်ထားသည့် Global Earth Agro & Aqua Public Co., Ltd မှ ဦးစီး ဆောင်ရွက် နေသော Ayeyarwady Integrated Food Industry Complex စီမံကိန်းသို့ မြန်မာနိုင်ငံ ကုန်သွယ်မှု လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်နိုင် ရန် အတွက် သွားရောက်လေ့လာခဲ့ကြပါသည်။





အဆိုပါစီမံကိန်းမှာ ဧရာဝတီတိုင်း ဒေသကြီး၊ ပန်းတနော် မြို့နယ် ဝါးခယ်မ- ရွှေလောင်း လမ်းမကြီးဘေးတွင် တည်ရှိပြီး စုစုပေါင်း စီမံကိန်း မြေဧက ၃၆၀၀ ထဲမှ ပထမအဆင့် မြေဧက ၉၀၀ ပေါ်တွင် တည်ဆောက်လုပ်ကိုင်နေခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီမှ ငါးအစာထုတ်လုပ်ခြင်း၊ ငါးမွေးမြူခြင်း၊ အေးခဲခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက် သွား မှာဖြစ်ပြီး၊ ယခုအခါ ခေတ်မီငါးအစာစက်ရုံ၊ အခြောက်ခံစက်ရုံများ၊ ခေတ်မီငါးသားပေါက် မွေးမြူရေးစခန်းများ၊အသင့်စားသုံးရန် ထုတ်ပိုးမှု စက်ရုံများ အသားတိုး ငါးမွေးကန်များ၊ ငါးပြုပြင်ထုတ်လုပ် သည့်စက်ရုံနှင့် အေးခဲ သိုလှောင်ရုံများ၊ ငါးရောဂါရှာဖွေရေး ဓာတ်ခွဲ ခန်း၊ ငါးအစာနှင့် ကုန်ကြမ်း သိုလှောင်ရုံများ၊ ထွက်ရှိသည့်



ငါးကုန်ချောများ၏ အရည်အသွေးကို စစ်ဆေးသည့် ဓာတ်ခွဲခန်းများ၊ လုပ်သားများ၊ နေထိုင်ရာအိမ်ရာများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အခန်း (၁၀၀)ပါ ဟိုတယ် တစ်ခုနှင့် အပန်းဖြေနိုင်ရန် နေရာတစ်ခုကိုပါ ထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်မှ လိုက်လံရှင်းလင်းပြသခဲ့ပါသည်။ အစာထုတ်လုပ်ခြင်း ငါးသားဖောက်ခြင်းမှအစ ထွက်ရှိလာသော ကုန်ပစ္စည်းအပေါ် Zero Waste စွန့်ပစ်ပစ္စည်း မရှိသည်အထိ လုပ်ငန်းစဉ်များလည်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရပါသည်။

ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် စတင်မွေးမြူသည်မှ ကုန်ချောကိုထုတ်လုပ်သည်အထိ တစ်နေရာထဲတွင် စုစည်းလုပ်ဆောင် ထားသည့် စီမံကိန်းဖြစ်ကာ လက်ရှိတွင် အလုပ်အကိုင် ၂၀၀၀ ကျော်ဖန်တီးပေးနေပြီး စီမံကိန်းပြီးစီးသွားမည့် နောက်ငါးနှစ်အတွင်းအလုပ်အကိုင် ၇၀၀၀ ကျော် ဖန်တီးပေးနိုင်ကာ ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရှိမည်ဖြစ်သဖြင့် အရှေ့တောင်အာရှတွင် အကြီးမားဆုံးငါးမွေးမြူရေး စီမံကိန်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

တစ်နေ့ ကုန်ထုတ်လုပ်မှုတန်ချိန် ၁၆၀၀ ရှိမည့် အဆင့်မြင့်ငါးစာစက်ရုံကိုလည်း တည်ဆောက်လျက်ရှိပြီး ကုန်ကြမ်းတန်ချိန် ငါးသောင်း၊ ကုန်ချောတန်ချိန် လေးထောင်ခန့် သိုလှောင်နိုင်မည့် အဆောက်အအုံများလည်း ပါဝင်မည်ဖြစ်ကာ စက်ရုံအတွက် လိုအပ်သော ပဲပုပ်ဖတ်၊ ပဲဖတ်၊ ဖွဲနု၊ ဂျုံဖွဲ အစရှိသည့် ကုန်ကြမ်းများ၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းမှ ဝယ်ယူအသုံးပြုသွားမည်ဖြစ်ကြောင်း သိရပါသည်။

စီမံကိန်းဇုန်ကြီးအတွင်းငါးသားဖောက် စခန်းများကိုလည်း တည်ဆောက် လျက်ရှိပြီး နာရီပိုင်းအတွင်း ကန်မှငါးကို စက်ရုံ သို့ရောက်ရှိ ထုပ်ပိုး နိုင်သည့် အဆင့် အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စက်ရုံ အတွက် ရေကို ဧရာဝတီမြစ်နှင့် ရွှေလောင်းမြစ် တို့မှရယူအသုံး ပြုမည် ဖြစ်ပြီး




ရေသန့်စင် စနစ်များကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီစနစ်တကျ လုပ်ဆောင်ထားကြောင်း သိရပါသည်။

ယင်းစီမံကိန်းတွင် ငါးတန်ကို တစ်နှစ်ပတ်လုံး မျိုးဖောက်သွားပြီး မွေးမြူရေးလုပ်ငန်းစဉ် အလိုက်အဆင့်မြင့်မွေးမြူနိုင်ရန် ငါးမွေးကန်၊ ရေဆိုးထုတ်မြောင်းနှင့် အလိုအလျောက် အစာကျွေး စနစ်တို့ကို ထည့်သွင်းလုပ်ဆောင်နေကြောင်း သိရှိရပါသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ဈေးကွက်ရရှိသော နိုင်ငံတကာမှ စားသုံးနေတဲ့ ငါးတန် (ငါးဒန်) ငါးအမျိုးအစား ကို အဓိကထား မွေးမြူထားသောကြောင့် ဈေးကွက်မှာလည်း သေချာမှုရှိပြီး အရည်အသွေးအရလည်း စိတ်အချရဆုံးနှင့် အကောင်းဆုံးဖြစ်မည့် သန့်ရှင်းလတ်ဆတ်ပြီး စိတ်ချယုံကြည်ရသည့် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ကုန်များ (Fresh, Clean, Safe and Healthy Food) ထွက်ရှိမှာ ဖြစ်ကြောင်း သိရပါသည်။



မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ဦးစီးဆောင်ရွက်နေသော Ayeyarwaddy Integrated Food Industry Complex စီမံကိန်းသည် နိုင်ငံတော်၏ အကျိုးစီးပွား အတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း သိရပါသည်။ ထိုစီမံကိန်းကို GLOBAL EARTH AGRO & AQUA INDUSTRY PUBLIC COMPANY LIMITED မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အမှတ် ၁၄၁/၂၀၁၉ ဖြင့်ဆောင်ရွက်လျှက်ရှိပြီး အများပိုင် ကုမ္ပဏီအဖြစ် အကောင်အထည်ဖော်ကာ ၂၀၂၁ ပြည့်နှစ်ထဲမှာ အားလုံးပြီးစီး လည်ပတ် နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ အထက်ပါ စီမံကိန်းပြီးစီးပါက ဒေသတွင်းလုပ်သားဦးရေ သောင်းနဲ့ချီ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှာဖြစ်ပြီး၊ အဲဒီစီမံကိန်းမှာ နိုင်ငံတကာအဆင့်မီတဲ့ ငါးမွေးမြူထုတ်လုပ်မှုနေ့စဉ် တန်ချိန် ၅၀၀ မှ ၁၀၀၀

အတွင်း ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပြီး ထွက်ရှိမည့်ကုန်ချော ၉ဝ ရာခိုင်နှုန်းကို နိုင်ငံတကာသို့ တင်ပို့ရောင်းချသွားမှာဖြစ်တယ်လို့ သိရပါတယ်။

MYANTRADE (TIR)